# တော်တော်ကောင်းမွန်တဲ့ လုပ်ဆောင်ချက် အသစ်တွေနဲ့ iOS6

Apple ရဲ့ iOS 6 က တောင်းဆိုထားတဲ့လုပ်ဆောင်ချက်တွေ၊ အံ့သြသင့်သွားစေမယ့် လုပ်ဆောင်ချက်အသစ်တွေနဲ့ ယှဉ်ပြိုင်မှုကိုစတင်လိုက်ပါပြီ။ ဒါပေမဲ့ iPhone ရဲ့ operating system ကို ကြီးကြီးမားမား မျှော်လင့်နေတယ်ဆိုရင်တော့ ထပ်စောင့်ရပါဦးမယ်။ iOS 6 တင်ထားတဲ့ iPhone က app တွေနဲ့ service တွေအတွက်အခြေခံကျတဲ့ launcher တစ်ခုပါ။ သူက အရင်က OS တွေလိုပါပဲ အားထားလို့ရပါတယ်။ ဒါပေမဲ့လည်း ပျင်းစရာကောင်းပါတယ်။



iOS 6 ရဲ့ Passbook ဆိုတဲ့ လုပ်ဆောင်ချက် အသစ်က commercial document တွေကို သိမ်းထားပေးနိုင်ပါတယ်

App တွေ၊ service တွေက iOS 6 မှာ ပိုကောင်းလာတာ အမှန်ပါ။ မြေပုံကတလှည့်စီ ညွှန်ပြနိုင်မှုလည်း ကောင်းလာပါတယ်။ နောက်ဆုံးမှာတော့ mail မှာလည်း ပုံတွေ၊ videoတွေကို attach လုပ်ခွင့်ပေးလိုက်ပါပြီ။ "Do Not Disturb" mode မှာလည်း notification တွေနဲ့ အားထပ်ဖြည့်ထားပါတယ်။Facetime က cellular network အတွက် လိုင်းစွဲအားပိုကောင်းစေပါတယ်။ Video chat နဲ့ phone ခေါ်ဆိုမှုကိုလည်း ပြန်လည် ဖြေဆိုနိုင်ပါတယ်။ နောက်ထပ် service အသစ်တစ်ခု ဖြစ်တဲ့ passbook က လက်မှတ်တွေ၊ ဖြတ်သန်းသွားလာခွင့်တွေ၊ gift card တွေ၊ တခြားသော စာရွက်စာတမ်းတွေကို digital ပုံစံနဲ့ သိမ်းထားနိုင်စေပါတယ်။ iPhone ရဲ့ static list ထဲမှာရှိတဲ့ app တွေက တခြားဟာတွေနဲ့ ဆက်သွယ်လို့မရသေးပါဘူး။

Andriod၊ Windows phone နဲ့ Window 8 app တွေဟာ နောက်ထက်ထပ်ပြီး ထွက် ပေါ်လာနိုင်ခြေရှိပါတယ်။ Widget တွေ၊ live tile တွေကို notification အနေနဲ့မဟုတ်ဘဲ home screen မှာပြပေးနိုင်ပါတယ်။ အသုံးပြုသူတွေက ရာသီဥတုအကြောင်းတွေ၊ သတင်းခေါင်းစဉ်တွေကို app တွေထဲမဝင်ဘဲ Siri ကို အသုံးပြုပြီး ကြည့်နိုင်ပါတယ်၊

Andriod က "intents" နဲ့ Windows 8 က "contracts" က သူတို့အချင်းချင်းအမျိုးအစားမတူတာတောင် app ကတဆင့် data ပို့တာ၊ ယူတာတွေ လုပ်လို့ရပါတယ်။ Data တွေ share လုပ်တဲ့နေရာမှာ iPhone က facebook နဲ့ twitter ကနေလုပ်နိုင်ပါတယ်။ တခြား operating system တွေက အလားတူ data တွေကို တခြား network တွေ၊ reading list တွေ၊ online storage service တွေဆီကိုပါ ပို့ပေးနိုင်ပါတယ်။

Apple က အခုထွက်မယ့် iOS 6 မှာ app လုပ်ဆောင်ပေးနိုင်တာထက် အဆင့်ပိုမြင့်တဲ့ လုပ်ဆောင်မှုတွေကိုထောက်ပံ့နိုင်ရင် ပိုကောင်းမှာပါ။ Siri အတွက် API ကလည်း တကယ်ကောင်းပါတယ်။ ပြီးတော့ OS ရဲ့ Notification center ကို ပြောင်းလဲနိုင်တဲ့ပုံစံကလည်း ပိုကောင်းလာပါပြီလို့ ပြောနိုင်ပါတယ်။ ■

## BRIEFS

### သာမန် desktop အတိုင်းခံစားရစေမယ့် Chrome OS Update



နောက်ဆုံးထုတ်လိုက်တဲ့ Google ရဲ့ Chrome OS က Chromebooks မှာ desktop ပုံစံကို ထည့်သွင်းထားပါတယ်။ ဒီ feature ကို PC user တွေအားလုံးက ရင်းနှီးပြီးသားဖြစ်မှာပါ။ Tab တွေအများကြီးနဲ့ Windows တစ်ခုတည်းအစား Chrome OS မှာ window manager အသစ်ပါလာပါပြီ။ ဒီ feature ကတစ်ခါတည်းနဲ့ window တွေ အများကြီးဖွင့်လို့ရစေပါတယ်။ Windows တစ်ခုစီကိုလည်း Windows 7 ရဲ့ Areo Snap လိုမျိုး တစ်ဖက်တစ်ချက်စီပို့ထားပြီးတော့ သီးသန့် window ၂ ခုအနေနဲ့ ကြည့်လို့ရပါတယ်။

### Win 8: MS ကမလိုချင်တဲ့ software တွေကို ထိန်းဖို့ကြိုးစား



Bloatware တွေကို တိုက်ခိုက်ဖို့ Microsoft က အသုံးပြုသူတွေကို ၉၉ ဒေါ်လာတန် signature PC program ကိုထုတ်ဖော့ပြင်ဆင်နေပါတယ်။ ဒီ program က Windows 7 အတွက် speed နဲ့ performance တွေကိုချိန် ညှိလို့ရစေပြီးတော့ bloatware တွေကို ရှင်းပေးမှာ ဖြစ်ပါတယ်။ ဒီလို signature လုပ်ထားတဲ့ PC တွေက သာမန် PC တွေနဲ့ယှဉ်ရင် sleep လုပ် တဲ့နေရာမှာ ၂၃.၁ ရာခိုင်နှုန်း ပိုမြန်လာပြီး၊ Start up က ၃၉.၆ ရာခိုင်နှုန်း နဲ့ resume လုပ်ရင် ၅၁.၃ ရာခိုင်နှုန်း ပိုမြန်လာမယ်လို့ ပြောထားပါတယ်။